# CALHOUN COUNTY, MICHIGAN
## JOINT OPERATIONS CENTER

*COVID-19 Unified Response*

## Joint Information Center
**(ပူးတွဲသတင်းအချက်လက်များစင်တာ)**

ဗုဒ္ဓဟူးနေ့၊ သြဂုတ်လ ၁၈

၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ နေ့လည်သတင်းအရ Calhoun ကောင်တီ/ခရိုင်တွင် အတည်ပြုပြီးသော COVID-19 ဖြစ်ပွားမှု စုစုပေါင်း ၁၂၉၀၁ ဦး နှင့် ဗိုင်းရပ်စ်(virus)ကြောင့် သေဆုံးခဲ့သူ စုစုပေါင်း ၃၀၃ ဦး ရှိကြောင်း Calhoun ကောင်တီ/ခရိုင်ပြည်သူ့ကျန်းမာရေး ဦး စီးဌာန (CCPHD) မှအစီရင်ခံခဲ့ပြီး ဖြစ်သည်။ နောက်ဆုံးရသတင်း အသစ် များကို တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့တစ်ကြိမ် www.calhouncountymi.gov တွင် တင်ပြလျက် ရှိပါသည်။

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သောအကြောင်းအရာများ**

၂၀၂၁ ခုနှစ် သြဂုတ်လ ၁၈ ရက်နေ့အထိ ပြည်နယ်ကာကွယ်ဆေးဆိုင်ရာ dashboard မှဖော် ပြချက်အရ ပြည်သူ့ကျန်းမာရေးဌာနမှသာမက အရင်းမြစ်အမျိုးမျိုးမှ Calhoun ကောင်တီ/ခရိုင်တွင်နေထိုင်သူများအား ဆေးပမာဏ ၁၀၉,၂၂၂ ကို ထိုးပေးခဲ့ပြီးဖြစ်သည် ။

ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှတ်တမ်းအရ Calhoun ကောင်တီ/ခရိုင်တွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ထိ စုစုပေါင်းကာကွယ်ဆေး ထိုးပြီးသား စာရင်းမှာ ပထမဆေးထိုးပြီးသူ ၂၁,၃၁၄ ဦး နှင့် ဒုတိယဆေးထိုးပြီးသူ ၁၉,၀၈၂ ဦး ရှိပြီးဖြစ်သည်။ လွန်ခဲ့သောအပတ်ဖြစ်သည့် သြဂုတ်လ ၈-၁၄ ရက်အတွင်း ကာကွယ်ဆေးပမာဏ ၁၁ ခု ထုးပေးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှမှတ်တမ်းတင်ထားသည်။ ကျွန်ုပ်တို့ ပထမကာကွယ်ဆေး ထိုးပြီးသားစာရင်းတွင် CCPHD မှထိုးပေးသော ကာကွယ်ဆေး အမျိုးအစားများဖြစ်သော Pfizer, Moderna or Johnson & Johnson ထဲမှ တစ်ခုခုထိုးပြီးသော သူများအားလုံးပါဝင်သည်။

သြဂုတ်လ ၁၃ ရက်နေ့စရင်းအရ Calhoun ကောင်တီ/ခရိုင်၏ကာကွယ်ဆေးထိုးပေးမှုမှာ၊

အသက် ၁၂ နှစ်မှ ၆၄ နှစ်အတွင်းနေထိုင်သူများ၊

- စတင်ဆေးထိုးခြင်း ၄၅.၂%
- ပြီးစီးမှု ၄၀.၇%

နေထိုင်သူများ အသက် ၆၅ နှစ် နှင့် အထက်၊

- စတင်ဆေးထိုးခြင်း ၇၆.၉%
- ပြီးစီးမှု ၇၃.၈%

အသက် ၁၆နှစ်နှင့်အထက်နေထိုင်သူများ၊

- စတင်ဆေးထိုးခြင်း ၅၃.၆%
- ပြီးစီးမှု ၄၉.၆%

**ကာကွယ်ဆေး ထိုးနိုင်သောဆေးခန်းများ၏အချိန်ဇယားများ**

စက်တင်ဘာလ ကာကွယ်ဆေး ထိုးနိုင်သောအချိန်ဇယားများအောက်ပါအတိုင်းဖြစ်သည်။ ဆေးခန်းများသည်ကာကွယ်ဆေးထိုးရန်အရည်အချင်းပြည့်သောမည်သူမဆိုအတွက်ဖွင့်လှစ်ထားသည်။ ဤဆေးခန်းတိုင်းတွင် ကာကွယ်ဆေးအပြည့်ထိုးထားသောကျောင်းသားတိုင်းသည် Albion ကောလိပ်တွင် တစ်နှစ်ကျူရှင်အတွက် သူတို့၏နာမည်ကို မဲနှိုက်ရန်စရင်းဝင်လိမ့်မည်။ အခြားဆုများမှာ တစ် semester အခမဲ့ကျူရှင်ကြေး၊ Battle Creek Family YMCA မှာ တစ်နှစ်မိသားစုလုံးအသင်းဝင်ကြေးနှင့် Albion ကောလိပ်တွင် တစ် semester အတွက် စာအုပ်များပါဝင်သည်။

**စက်တင်ဘာ ၇ ရက်၊ အင်္ဂါနေ့ ညနေ ၃ နာရီမှ ၆ နာရီအထိ၊** Battle Creek YMCA, Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက်အလိုရှိလျှင်တောင်းဆိုနိုင်သည်။ ဆေးထိုးရန်အတွက် ချိန်းဆိုမှု များမလိုအပ်ပါ။ ကာကွယ်ဆေး၏ဒုတိယဆေးကို စက်တင်ဘာလ ၂၈ ရက်၊ အင်္ဂါနေ့တွင် ထိုးပေးလိမ့်မည်။

**စက်တင်ဘာ ၈ ရက်ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီမှ ၆ နာရီ အထိ၊** Marshall High School, 701 N Marshall Ave., Marshall, MI 49068. Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက်အလိုရှိလျှင်တောင်းဆိုနိုင်သည်။ ဆေးထိုးရန်ရက်ချိန်းယူရန်မလို။ ကာကွယ်ဆေး၏ ဒုတိယဆေးထိုးမှုကို စက်တင်ဘာ ၂၉ ဗုဒ္ဓဟူးနေ့တွင်ဒုတိယအကြိမ်ဆေးပြန်ပေးသည်။

**စက်တင်ဘာ ၁၁ ရက်၊ စနေနေ့ နံနက် ၁၀ နာရီမှနေ့လည် ၂ နာရီ၊** Albion ကောလိပ်၊ Pfizer ကာကွယ်ဆေး (အသက် ၁၂ နှစ် နှင့်အထက်)၊ J&J ကာကွယ်ဆေး (၁၈ နှစ်နှင့်အထက်) အလိုရှိလျှင် တောင်းဆို နိုင်သည်။ ဆေးထိုးရန်ရက်ချိန်းယူရန်မလို။ ဒုတိယအကြိမ်ဆေးထိုးခြင်းကိုစနေနေ့ အောက်တိုဘာလ ၂ ရက်။

*သတိပေးချက်*- Covid-19 ကာကွယ်ဆေးကိုအောက်ပါ Calhoun ကောင်တီပြည်သူ့ကျန်းမာရေး ဦး စီးဌာန ဆေးခန်းနှစ်ခုလုံး၌ ချိန်းဆို၍ ရနိုင်သည်။

**Toeller Building**, 190 E Michigan Ave, Battle Creek, 269-969-6363
**Albion Health Department**, 214 E Michigan Ave, Albion, 517-629-9434

ဆေးခန်းနှစ်ခုစလုံးကိုတနင်္လာနေ့မှကြာသပတေးနေ့နံနက် ၇ နာရီမှ ၁၂း ၃၀ နာရီ နှင့် နေ့လည် ၁ နာရီမှညနေ ၄း၃၀ နာရီ အထိ၊ သောကြာနေ့နံနက် ၈ နာရီမှနေ့လည် ၁၂ နာရီထိဖွင့်ပြီး ချိန်းဆိုရန်သင့်တော်သောရုံးကိုခေါ်ပါ။

**အလယ်အလတ်မှပြင်ထန်စွာခုခံအားကျဆင်းသောလူများအတွက် COVID-19 ကာကွယ်ဆေး**
FDAက အလယ်အလတ် မှပြင်ထန်စွာခုခံအားကျဆင်းသောလူများအတွက် Pfizer နှင့် Moderna COVID-19 ကာကွယ်ဆေးဆေးများ ယခုအခါခွင့်ပြုလိုက်ပါပြီး CDC နှင့် ACIP တို့က Pfizer (သို့) Moderna ကာကွယ်ဆေး စီးရီးကိုပြီးစီးနေသူများကထပ်မံထိုးရန်အကြံပြုသည်။ အကယ်၍ သင်၌ခုခံအားကျဆင်းမှုရှိလျှင် ထပ်တိုးဆေး ထိုးရန် အရေးကြီးသည်၊ သို့သော် ၎င်းကိုချက်ချင်းရယူရန်မလိုအပ်ပါ။
CDCသည်သိသိသာသာခုခံအားကျဆင်းသောလူများဖြစ်သောကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုခံယူသူများ၊ ခုခံအားစနစ်ကောင်းရန်ဆေးသောက်သူများ၊ (သို့) ကင်ဆာကုသမှုများခံယူနေသောခုခံအားကျဆင်းသောလူများ ကိုအကြံပြုသည်။

သင်သည် ကာကွယ်ဆေးစီးရီးကိုနှစ်ကြိမ်ထိုးပြီးစီးနေသူဖြစ်ပြီး အကာအကွယ်ပေးသောကြောင့် သင့်တွင်မေးခွန်းများ အဖြေရရန် နှင့် အကောင်းဆုံးနေရာကိုရှာရန်အချိန်ရှိပါသည်။ အကယ်၍ သင်သည် COVID-19 ကာကွယ်ဆေးအပိုထပ်တိုးသင့်သလားဟုသင်အံ့ဩနေတယ်ဆိုရင်၊ သင်၏ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးရန်သင့်အားကျွန်ုပ်တို့တိုက်တွန်းသည်။ သူတို့သည်သင်၏ ဆေးမှတ်တမ်း နှင့်အကျွမ်းတဝင်ရှိ၍ အကောင်းဆုံးလုပ်ဆောင်မှုကိုပံ့ပိုးပေးနိုင်သည်။ အလယ်အလတ် မှပြင်းထန်သော ခုခံအားကျဆင်းမှု အခြေအနေအထွေထွေစာရင်းကိုဤနေရာတွင်တွေ့နိုင်သည်။
https://www.cdc.gov/coronavirus/2019-ncov/vaccines/recommendations/immuno.html.

နောက်ထပ်ဆေးထိုးရန်ဆရာဝန်၏မှတ်ချက်မလိုပါ။ သင်၏ကန ဦး ကာကွယ်ဆေးထိုးသည့်နေရာတစ်ခုတည်း၌ သင်၏အပိုဆောင်းကာကွယ်ဆေးကိုထိုးရန်မလိုအပ်ပါ။ ယခုအခါကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် ပြည်တွင်းဆေး

ဆိုင်များအပါအဝင်ကာကွယ်ဆေးပေးသူများစွာရှိပါပြီ။ သင်နှင့်အနီးဆုံးကာကွယ်ဆေးရှာရန် https://www.vaccines.gov သို့သွားပါ။

လောလောဆယ် Calhoun County ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ခုခံအားကျဆင်းသောသူများအတွက် ဆေးခန်းနေရာအသစ်များကိုလုပ်ဆောင်နေသည်။ Calhoun ကောင်တီဒေသရှိကာကွယ်ဆေး ပေးသော နောက်ဆုံးရဆေးခန်းများကို calhouncountymi.gov/covidvaccine တွင်ကြည့်နိုင်ပါသည်။ CCPHD က ခုခံအားကျဆင်းသောပုဂ္ဂိုလ်များအတွက် ဆေးခန်းများကြေငြာသောအခါသတင်းထုတ်ပြန်ချက် (သို့) ရှင်းလင်းချက်ကိုပေးပို့လိမ့်မည်။

**COVID-19 ကာကွယ်ဆေးထိုးခြင်းကငါ့ကို COVID-19 မကူးစက်အောင်ကူညီပေးနိုင်သလား။**

လေ့လာချက်များအရ COVID-19 ကာကွယ်ဆေးများသည်သင့်အား COVID-19 ကူးစက်ခြင်းမှ ကာကွယ်ပေးသည်။ COVID-19 ကာကွယ်ဆေးထိုးခြင်းကမင်းကို COVID-19 ကူးစက်ခံရရင်တောင် အပြင်းဖျားနေမကောင်းမဖြစ်အောင်ကာကွယ်ပေးလိမ့်မယ်။
အစောပိုင်းအချက်အလက်များအရကာကွယ်ဆေးများသည်ရောဂါလက္ခဏာမပြသောလူများအား COVID-19 ပြန့်ပွားခြင်းကိုတားမြစ်ခြင်းကူညီပေးသည်၊ သို့သော် ကာကွယ်ဆေးထိုးသူပိုများလာတာနှင့်အမျှ ကျွန်ုပ်တို့ပိုလေ့လာနိုင်မည်။
မျက်နှာဖုံးများဝတ်ဆင်ခြင်းနှင့်လူမှုရေးအကွာအဝေးသည်သင်၏ဗိုင်းရပ်စ်ကူးစက်ခံရရန်အခွင့်အလမ်းကိုလျော့ကျ (သို့) အခြားသူများသို့ပြန့်ပွားစေမှုကိုလျော့ကျ စေပြီး၊ သို့သော်ဤနည်းလမ်းများသည်မလုံလောက်ပါ။ ကာကွယ်ဆေးများသည်သင်၏ခုခံအားစနစ်နှင့်အလုပ်လုပ်မည်ဖြစ်သောကြောင့်ဗိုင်းရပ်စ်ကူးစက်ခံရပါက ပြန်တိုက်ဖို့အဆင်သင့်ဖြစ်လိမ့်မည်။ ကပ်ရောဂါကိုရပ်တန့်ရန်ကျွန်ုပ်တို့ရရှိနိုင်သောကိရိယာ/နည်းလမ်း အားလုံးကိုသုံးရန်လိုအပ်သည်။

**Calhoun ကောင်တီကာကွယ်ဆေးကြိုးပမ်းမှုကိုသိရှိလိုပါက**
**calhouncountymi.gov/covidvaccine ကြည့်ရှုနိုင်ပါသည်**

## ကျောင်းများ၏သတင်းအချက်အလက်များ

### MDHHS သည် COVID-19 ကျောင်းလမ်းညွှန်ချက်ကိုမွမ်းမံ ထုတ်ပြန်သည်

မီချီဂန်ကျန်းမာရေးနှင့်လူ့ဝန်ဆောင်မှုဌာနသည်ကျောင်းများအတွင်း COVID-19 ကူးစက်ခြင်းကိုကာကွယ်ရန်၊ လူကိုယ်တိုင်သင်ယူသူတွေအတွက်အန္တရာယ်များကိုလျှော့ချနိုင်ရန်၊ အားနည်းထိခိုက်လွယ်သော ပုဂ္ဂိုလ်များ၊ နှင့်ကာကွယ်ဆေးအစုံမထိုးရသူများကိုကူညီကာကွယ်ရန် ရည်ရွယ်၍ ကျောင်းများအတွက် နောက်ဆုံးပေါ်အကြံပြုချက်များကိုထုတ်ပြန်ခဲ့သည်။

CDC မှ လမ်းညွှန်ချက်သည် လက်ရှိအကြံပြုချက်များကို ထင်ဟပ်စေပြီး မျက်နှာဖုံးများနှင့် ကြိုတင်ကာကွယ်ရေး မဟာဗျူဟာများကကျောင်းများကိုပိုမိုလုံခြုံစွာလည်ပတ်နိုင်ရန်ကူညီပေးသည်။



## CCPHD မှကျောင်းမှာမျက်နှာဖုံးတပ်ရန်နောက်ဆုံးသတင်း

Calhoun ကောင်တီပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည်ယခုအချိန်တွင်နောက်ထပ် ညွှန်ကြားချက်များကိုထုတ်ပြန်လိမ့်မည်မဟုတ်ပါ။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုအနည်းဆုံးဖြစ်စေရန် အလွှာလိုက်ကာကွယ်မှုမဟာဗျူဟာကို အကောင်အထည်ဖော်ရန် ကျောင်းများကို လူကိုယ်တိုင်သင်ယူမှုအတွက် စာနှင့်အသေးစိတ်အကြံဉာဏ်များပေးခဲ့ပါသည်။ ထိုအလွှာတွင်ကာကွယ်ဆေးထိုးရန်အားပေးတိုက်တွန်းခြင်း၊ ကျောင်းအတွင်း ပြည့်စုံသောမျက်နှာဖုံးတပ်ရန်လိုအပ်ခြင်း၊ လူမှုရေးအကွာအဝေး လိုက်နာခြင်း၊ လေဝင်လေထွက်ရှိခြင်း၊ လက်သန့်ရှင်းရေးနှင့် လိုအပ်ပါကသီးခြားခွဲထားခြင်းနှင့် quarantine တို့ဖြစ်ပါသည်။

ဆေးဘက်ဆိုင်ရာညွှန်ကြားရေးမှူးဒေါက်တာ William Nettleton ၏အကြံပေးချက်အောက်မှာ Calhoun ကောင်တီကျန်းမာရေးအရာရှိ Eric Pessell နှင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများသည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် COVID-19 ရှိနေခြင်းကို ဆက်လက်စောင့်ကြည့်ပြီး ခရိုင်တစ်ဝှမ်းလုံးရှိ ကြီးကြပ်ရေးမှူးများနှင့်တိုက်ရိုက်ဆက်သွယ်မှုကိုဆက်လက်ပြုလုပ်လိမ့်မည်။

---

### သတင်းအချက်အလက်အတွက်ဆက်သွယ်ရန်

Lucy Blair, Calhoun County Communications Manager
(ခရိုင်ဆက်သွယ်ရေး မန်နေဂျာ)

269-781-0926, lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist
(ပြည်သူ့ကျန်းမာရေး ဦး စီးဌာနဆက်သွယ်ရေးအထူးကု)

269-969-6469, vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager
(Battle Creek မြို့တော်ဆက်သွယ်ရေး မန်နေဂျာ)

269-966-3378, jlvanderkolk@battlecreekmi.gov